ISP ကပြင်ရပ်ဝန်း
ISP EXPLAINER
China Studies
အမှတ်-၆ ၊ ဩဂုတ် ၂၆ ရက်၊ ၂၀၂၃ ခုနှစ်

# တရုတ်နိုင်ငံ၏ လုံခြုံရေးအစီအမံသစ်
## မြန်မာနှင့် ဒေသတွင်းအပေါ် သက်ရောက်မှုအလားအလာ



GSI အစီအမံကို အဆိုပြုခဲ့သည့် ဘိုးအောက်ဖိုရမ် (၂၀၂၂) အဖွင့်မိန့်ခွန်းကို အွန်လိုင်းမှတဆင့် ပြောကြားခဲ့သည့် တရုတ်သမ္မတ ရှီကျင့်ဖျင် (Photo : Kyodo via Reuters Connect)

အနောက်နိုင်ငံတွေ ဦးဆောင်တဲ့ ကမ္ဘာလုံးဆိုင်ရာ စီမံအုပ်ချုပ်မှုအထိုင်ကို အားပြိုင်ဖို့ တရုတ်နိုင်ငံဟာ **ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ** (GSI) ကို တွန်းတင်လာပါတယ်။ ဒီအစီအမံကို မြန်မာအပါအဝင် မဲခေါင်ဒေသတွင်း နိုင်ငံတွေမှာ ကနဦးဖော်ဆောင်ဖို့ လုံခြုံရေးကဏ္ဍစုံနဲ့ စတင် ချိတ်ဆက်နေပါတယ်။ ရိုဟင်ဂျာပြဿနာနဲ့ လက်နက်ကိုင်ပဋိပက္ခကို ဖြေရှင်းနေရတဲ့ စစ်ကောင်စီကလည်း ပြည်တွင်းရေးနဲ့ အချုပ်အခြာအာဏာဆိုတဲ့ အခြေခံမှုအပေါ် ရပ်တည်ပြီး ဒီအစီအမံကို ထောက်ခံထားပါတယ်။ လက်ရှိမှာလည်း **လန်ချန်း–မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအစီအမံ** (LMC) နဲ့တွဲစပ်ပြီး တရုတ်နိုင်ငံဟာ စစ်ကောင်စီအပါအဝင် ထိုင်း၊ လာအိုအစိုးရတွေနဲ့ ပူးပေါင်းပြီး နိုင်ငံဖြတ်ကျော်မှုခင်းတွေကို စတင်နှိမ်နင်းနေပါတယ်။ မြန်မာ့နိုင်ငံရေးပဋိပက္ခ၊ အာဆီယံမညီညွတ်မှုနဲ့ တရုတ်ဩဇာကြီးထွားလာမှုတို့အကြား GSI ဟာ **စောင့်ကြည့်ရမယ့် အစီအမံတခု** ဖြစ်လာပါတယ်။

## နိဒါန်း

တရုတ်သမ္မတ မစ္စတာရှီကျင့်ဖျင်ဟာ သူ့ရဲ့တတိယအကြိမ် သမ္မတသက်တမ်း စတင်မယ့် ကာလမှာ ကမ္ဘာလုံးဆိုင်ရာအစီအမံသုံးခုကို ထုတ်ပြန်ခဲ့ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ (Global Development Initiative)၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (Global Security Initiative) နဲ့ ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအစီအမံ (Global Civilization Initiative) ဆိုတဲ့ အစီအမံသစ်တွေဖြစ်ပြီး သုံးခုစလုံးကို တရုတ်နိုင်ငံက ဦးဆောင်မှာဖြစ်ပါတယ်။ ရပ်ဝန်းလမ်းကြောင်းစီမံကိန်း (Belt and Road Initiative) လိုပဲ အခုအစီအမံသစ်သုံးခုဟာ နောက်လာမယ့် သက်တမ်းငါးနှစ်တာအတွင်း သမ္မတရှီ အစိုးရရဲ့ နိုင်ငံခြားရေးမူဝါဒမှာ အဓိကမောင်းနှင်မယ့် လမ်းညွှန်မှုတွေ ဖြစ်လာမှာပါ။ ဒါ့အပြင် အယူဝါဒနဲ့ အတွေးအခေါ်ပိုင်း၊ စီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေး စတဲ့ မဏ္ဍိုင်သုံးခုအပေါ် အခြေခံထားတဲ့ အစီအမံသုံးခုဟာ အမေရိကန်ဦးဆောင်နေတဲ့ လက်ရှိ နိုင်ငံတကာစနစ်အပေါ်လည်း စိန်ခေါ်မှုဖြစ်လာပါတယ်။

အဲဒီအစီအမံတွေကို ထောက်ခံတယ်လို့ စစ်ကောင်စီက တရားဝင်ပြောကြားထားတာမို့ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလိုမျိုးပဲ အခုအစီအမံသုံးခုဟာလည်း အနာဂတ် တရုတ်-မြန်မာ ဆက်ဆံရေးကို တနည်းတဖုံ သက်ရောက်လာနိုင်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (GSI) မှာ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေ ပါဝင်တာကြောင့် မြန်မာနိုင်ငံရဲ့ ပြည်တွင်းပဋိပက္ခအခြေအနေတွေအပေါ် သက်ရောက်မှုတွေ ရှိလာနိုင်ပါတယ်။ ကမ္ဘာ့လုံခြုံရေးကိစ္စတွေမှာ ပိုမိုဦးဆောင်ပါဝင်လာနေတဲ့ တရုတ်နိုင်ငံအဖို့ လုံခြုံရေးအခြေအနေ ဆိုးရွားနေတဲ့ မြန်မာနိုင်ငံကို အဲဒီအစီအမံအောက်ကနေ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်လာမှာပါ။ ဒါကြောင့် GSI နဲ့ပတ်သက်ပြီး တရုတ်နိုင်ငံရဲ့ ရည်ရွယ်ချက်၊ လုပ်ဆောင်လာမယ့် အရာတွေကို ကြိုတင်သိမြင်ဖို့လိုသလို မြန်မာနိုင်ငံအပေါ် သက်ရောက်လာနိုင်တဲ့ အခြေအနေတွေကို လေ့လာဆန်းစစ်နိုင်ဖို့လည်း လိုအပ်ပါတယ်။ တရုတ်နိုင်ငံခြားဝန်ကြီးဌာနက ထုတ်ပြန်တဲ့ GSI သဘောတရားစာတမ်းမှာ အခြေခံမူခြောက်ချက်၊ ဦးစားပေး ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ ၂၀ နဲ့ ပူးပေါင်းဆောင်ရွက်မယ့်ယန္တရားတွေကို ဖော်ပြထားပါတယ် **(စာ-၅ တွင်ရှုပါ)**။ အဲဒီစာတမ်းမှာ ဖော်ပြထားတဲ့ လုံခြုံရေးအကြောင်းအရာတွေက အတော်ကျယ်ပြန့်ပါတယ်။ အကောင်အထည်ဖော်နိုင်ဖို့လည်း အတော်လေးအချိန်ယူရမှာပါ။ ဒီထဲမှာ မဲခေါင်ဒေသကို GSI ရဲ့ဦးစားပေးဒေသအဖြစ် သတ်မှတ်ထားပြီး လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးယန္တရားက တဆင့် လုံခြုံရေးစီမံကိန်းတွေ အကောင်အထည်ဖော်ဖို့ တရုတ်နိုင်ငံက ရည်ရွယ်ထားပါ

တယ် **(စာ-၈ တွင် ရှုပါ)**။ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေဟာ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး မူဘောင်အောက်ကတဆင့် အဓိက ဖြစ်လာနိုင်ပါတယ်။

## မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ

တရုတ်နိုင်ငံရဲ့ GSI အဆိုပြုမှုကို အစောဆုံးထောက်ခံခဲ့တဲ့ နိုင်ငံတွေထဲမှာ မြန်မာလည်း ပါဝင်ပါတယ်။ ၂၀၂၂ ခုနှစ် ဇူလိုင် ၃ ရက်မှာပြုလုပ်ခဲ့တဲ့ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနဲ့တွေ့ဆုံမှုမှာ GSI အကောင်အထည်ဖော်ရေး တက်ကြွစွာပါဝင်ဆောင်ရွက်မယ်လို့ စစ်ကောင်စီနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ပြောခဲ့ပါတယ်။ ဒ့ါအပြင် အခုနှစ် မေလဆန်းက လာရောက်ခဲ့တဲ့ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာချင်ကန်းရဲ့ မြန်မာနိုင်ငံခရီးစဉ်မတိုင်မီ ရက်ပိုင်းအလိုမှာပဲ GSI ကို ထောက်ခံကြောင်း စစ်ကောင်စီနိုင်ငံခြားရေးဝန်ကြီးဌာနက ရပ်တည်ချက် ထုတ်ပြန်ခဲ့ပါသေးတယ်။ GSI ရဲ့ အခြေခံမှုတွေဖြစ်တဲ့ နိုင်ငံများ၏ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အချုပ်အခြာအာဏာကို လေးစားရေး၊ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေးဆိုတဲ့ မူတွေဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒနဲ့ ကိုက်ညီတဲ့အတွက် ထောက်ခံတယ်လို့ အဆိုပါထုတ်ပြန်ချက်မှာ ရေးထားပါတယ်။ နိုင်ငံတကာ မျက်နှာစာမှာ သံတမန်ရေးအရ ဖိအားပေးခံနေရတဲ့ စစ်ကောင်စီအတွက် ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေးဆိုတဲ့မူဟာ သံတမန်ရေး ပြန်လည်တန်ပြန်ရာမှာ ကိုင်စွဲအသုံးပြုနေတဲ့ နိုင်ငံခြားရေးမူတရပ်လည်း ဖြစ်ပါတယ်။ ဒါကြောင့် စစ်ကောင်စီအနေနဲ့ GSI ကို ထောက်ခံခြင်းအားဖြင့် နိုင်ငံတကာမျက်နှာစာမှာ တရုတ်နိုင်ငံထံကနေ သံတမန်ရေး အကာအကွယ်တွေ ပိုရလာဖို့ ရည်ရွယ်ပုံရပါတယ်။

လုံခြုံရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကိုကြည့်မယ်ဆိုရင်လည်း နှစ်နိုင်ငံဆက်ဆံရေးအရ သာမက နိုင်ငံစုံယန္တရားတွေအောက်ကနေ ပူးပေါင်းဆောင်ရွက်တာတွေလည်း ရှိနေပါတယ်။ တရုတ်နိုင်ငံဟာ စစ်ကောင်စီရဲ့ လုံခြုံရေးတပ်ဖွဲ့တွေကို သင်တန်းပေးတာတွေ ရှိနေသလို လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးမူဘောင် အောက်ကနေလည်း သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်တာတွေ ရှိနေတာပါ။ တဖက်မှာလည်းအာဏာသိမ်းမှုအလွန် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတွေအခြေတည်ရာဖြစ်လာတဲ့ မြန်မာနိုင်ငံမှာ ရာဇဝတ်မှုတိုက်ဖျက်ရေးအတွက် တရုတ်-မြန်မာ-ထိုင်း-လာအို လေးနိုင်ငံ စစ်ဆင်ရေးနဲ့ နှိမ်နင်းဖို့ ကြိုးပမ်းလာသလို မြန်မာ-တရုတ် နှစ်နိုင်ငံသံခင်းတမန်ခင်းအရ လုပ်ဆောင်တာတွေလည်း ရှိနေပါတယ် **(**ISP Explainer **အမှတ်-၅ ကို ရှုပါ)**။

## GSI သဘောတရားစာတမ်းအကြောင်း

၂၀၂၂ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကျင်းပခဲ့သည့် ဘိုးအောက်ဖိုရမ် (Boao Forum) ၌ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံကို တရုတ်သမ္မတရှီကျင့်ဖျင်က အဆိုပြုခဲ့သည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ယင်းအစီအမံ၏ သဘောတရားမှတ်စုကို ထုတ်ပြန်ခဲ့သည်။ အဆိုပါအစီအမံတွင် အားလုံးအတွက် ဘုံလုံခြုံရေး၊ အချုပ်အခြာအာဏာနှင့် နယ်နိမိတ်တည်တံ့ခိုင်မြဲရေး၊ ကုလသမဂ္ဂပဋိညာဉ်ကို ဗဟိုပြုရေး၊ နိုင်ငံအားလုံး၏ လုံခြုံရေးစိုးရိမ်မှုကို တရားဝင်အသိအမှတ်ပြုရေး၊ အငြင်းပွားမှုများကို ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ငြိမ်းချမ်းစွာအဖြေရှာရေး၊ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာနယ်ပယ်များကို ထည့်သွင်းစဉ်းစားရေးဟူ၍ အခြေခံမူခြောက်ခု ပါဝင်သည်။ ယင်းတို့ကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် တရုတ်နိုင်ငံအနေနှင့် ဦးစားပေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ အခု ၂၀ ကိုလည်း အဆိုပြုထားသည်။ ယင်းတို့အနက် အကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု၊ မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်မှု၊ အနုမြူလက်နက်ပြန့်ပွားမှု၊ ဉာဏ်ရည်တု (AI)၊ ဒေတာလုံခြုံရေးနှင့် ရာသီဥတုပြောင်းလဲမှုအပါအဝင် လုံခြုံရေးစိန်ခေါ်မှု မြောက်မြားစွာကို လွှမ်းခြုံထားသည်။ သို့ရာတွင် 'ပူးပေါင်းဆောင်ရွက်မှု ပလက်ဖောင်းများနှင့် ယန္တရားများ' ဆိုသည့် စာတမ်း၏နောက်ဆုံးအပိုင်းက ပိုပြီး စိတ်ဝင်စားစရာကောင်းသည်။ GSI **ဆိုသည်မှာ ပိုမိုကြီးမားသည့် သံတမန်ထိုးစစ်၏ အစိတ်အပိုင်းဖြစ်ကြောင်း ဘေဂျင်း၏ ရှေ့ပြေးအစီအမံခြောက်ခုကိုကြည့်လျှင် သိသာပါသည်။**

GSI နှင့်ပတ်သက်၍ ဘေဂျင်းအစိုးရတွင် ပိုမိုကျယ်ပြန့်သည့် မဟာဗျူဟာမြောက် ရည်မှန်းချက်နှစ်ခုလည်းရှိပါသေးသည်။ ပထမတခုမှာ အာရှအပြင် တကမ္ဘာလုံးအတိုင်းအတာဖြင့် စံနှုန်းချမှတ်မည့် အစားထိုး 'လုံခြုံရေးဗိသုကာ (Security Achitecture)' တရပ်ကို တည်ဆောက်ရေးကြိုးပမ်းရန်ဖြစ်သည်။ ဒုတိယတခုမှာ တရုတ်နိုင်ငံကို ကဏ္ဍမျိုးစုံတွင် ဖွံ့ဖြိုးဆဲနိုင်ငံအစိုးရများအဖို့ အတုယူဖွယ် 'စံပြ'အဖြစ် ရည်ညွှန်းရန် ရည်ရွယ်ထားသည်။ ထို့ကြောင့် GSI အယူအဆအား ထောက်ခံရန် နိုင်ငံအများအပြားကို တရုတ်နိုင်ငံက ဆွဲဆောင်နိုင်ခဲ့ပြီးဖြစ်သည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း ဥဇဘက်ကစ္စတန်နိုင်ငံတွင် ကျင်းပခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ထိပ်သီးအစည်းအဝေး၌ အဇာဘိုင်ဂျန်၊ ဘီလာရုစ်၊ အီရန်၊ ကာဇက်စတန်၊ ကာဂျစ္စတန်နှင့် ဥဇဘက်ကစ္စတန် စသည့် အဖွဲ့ဝင်ခြောက်နိုင်ငံတို့က GSI အကောင်အထည်ဖော်ရန် တရုတ်နိုင်ငံနှင့် ပူးပေါင်းလိုကြောင်း ပြောဆိုခဲ့သည်။ သဘောတရားစာတမ်း၌လည်း တရုတ်နိုင်ငံအနေနှင့် အာဖရိက၊ လက်တင်အမေရိက၊ အရှေ့တောင်အာရှ၊ အလယ်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် ပစိဖိတ်ဒေသမှ ဖွံ့ဖြိုးဆဲနိုင်ငံများကို ဦးစားပေးမိတ်ဖက်နိုင်ငံများအဖြစ် သတ်မှတ်ထားသည်။ ထို့ကြောင့် အမေရိကနှင့် အနောက်ဥရောပမှလွဲ၍ ကျန်ဒေသရှိ နိုင်ငံများ၌ GSI ရှေ့ပြေးအစီအမံ ခြောက်ခုကို အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

## GSI ရှေ့ပြေးအစီအမံ ခြောက်ခု

| စဉ် | ရှေ့ပြေးအစီအမံ | လက်ရှိလုပ်ငန်းစဉ် | ထပ်တိုးလုပ်ငန်းစဉ် |
|---|---|---|---|
| ၁ | အယူအဆပိုင်းဆိုင်ရာ သိမှုမြှင့်တင်ခြင်း | နှစ်နိုင်ငံပူးတွဲထုတ်ပြန်ချက်၊ စည်းရုံးလှုံ့ဆော်ပွဲ | နိုင်ငံစုံ ပူးတွဲထုတ်ပြန်ချက်၊ နိုင်ငံရပ်ခြားရှိ သံတမန်များမှ ပြောကြားခြင်း |
| ၂ | တရုတ်ဦးဆောင်သည့် ဖိုရမ်သံတမန်ရေး (Forum Diplomacy) စီစဉ်ကျင်းပခြင်း | Xiangshan Forum, Global Public Security Cooperation Forum | တတိယကြိမ်မြောက် ရပ်ဝန်းလမ်းကြောင်းအစီအမံဖိုရမ် |
| ၃ | ကုလသမဂ္ဂတွင် GSI တံဆိပ်တပ် အစီအမံသစ်များစွာ အဆိုတင်ခြင်း | Group of Friends of GDI | Group of Friends of GSI |
| ၄ | နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်ခြင်း | ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၊ BRICS အဖွဲ့ Conference on Interaction and Confidence-Building Measures in Asia (CICA) | GSI ခေါင်းစဉ်အောက်တွင် ဒေသလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့များ |
| ၅ | ရန်ပုံငွေ တိုးမြှင့်ထောက်ပံ့ခြင်း | လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ | တရုတ်-ကုလအတွင်းရေးမှူးချုပ်၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးရန်ပုံငွေ၊ ပစိဖိတ်ကျွန်းနိုင်ငံများအတွက်ရန်ပုံငွေ |
| ၆ | နိုင်ငံရပ်ခြား စစ်သားနှင့် ရဲများအား သင်တန်းပို့ချပေးခြင်း | စွမ်းရည်မြှင့် မွမ်းမံသင်တန်း | တက္ကသိုလ်နှင့် သင်တန်းကျောင်း အချင်းချင်း ပညာရေးဖလှယ်မှုနှင့် သုတေသနအစီအစဉ် |

နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတွေကို တိုက်ဖျက်ရာမှာ တရုတ်-မြန်မာ-ထိုင်း-လာအို လေးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုဖို့အတွက် ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာ အထူးလုပ်ရှားမှု အထွေထွေညှိနှိုင်းရေးစင်တာတခုကိုလည်း တည်ထောင်ဖို့ရှိနေပါတယ်။ ဒါ့အပြင် ပြည်တွင်းမှာလည်း ပြည်သူလူထုရဲ့ ဖိအားပေးခံနေရတဲ့ တရုတ်အစိုးရအနေနဲ့ နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စတာချင်ကန်းရဲ့ ယခုနှစ်မေလအစောပိုင်းက မြန်မာနိုင်ငံ ခရီးစဉ်အတွင်းမှာ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတွေနဲ့ပတ်သက်ပြီး စစ်ကောင်စီကို ဖိအားပေးခဲ့ပါသေးတယ်။ ဒါကြောင့် GSI အရ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံအကြား လုံခြုံရေး

## GSI အဆိုပြုပြီးနောက် လုံခြုံရေးကဏ္ဍ၌ မြန်မာ-တရုတ်ပူးပေါင်းဆောင်ရွက်မှုများ

- **၂၀၂၂ အောက်တိုဘာ ၃၁** — ဆိုက်ဘာမှုခင်းတိုက်ဖျက်ရေးအတွက် စစ်ကောင်စီ ပြည်ထဲရေး ဝန်ကြီးဌာန အရာရှိများအား တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရဲအရာရှိ အကယ်ဒမီကျောင်းက သင်တန်းပေး။
- **၂၀၂၂ နိုဝင်ဘာ ၂၉** — လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ရှမ်းပြည်နယ် တောင်ကြီးမြို့၌တည်ဆောက်သည့် မဲခေါင်ဒေသ လုံခြုံမှု ပေါင်းစပ်ညှိနှိုင်းရေးစင်တာ (SMCC) ဖွင့်လှစ်။
- **၂၀၂၂ နိုဝင်ဘာ ၂၉-၃၀** — တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ် ပထမအကြိမ် ညီလာခံကို စစ်ကောင်စီရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက် တက်ရောက်။
- **၂၀၂၃ ဧပြီ ၆** — တာချီလိတ်ရှိ အွန်လိုင်းလိမ်လည်ဂိုဏ်းတခုတွင် အဓမ္မခိုင်းစေခံနေရသည့် တရုတ်နိုင်ငံသားတဦးကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးနှင့် စစ်ကောင်စီရဲတပ်ဖွဲ့တို့ ပူးပေါင်းကယ်တင်။
- **၂၀၂၃ ဧပြီ ၂၈** — တရုတ်သမ္မတ မစ္စတာရှီကျင့်ဖျင်အဆိုပြုသည့် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံကို ထောက်ခံကြောင်း စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီးဌာနက သဘောထားရပ်တည်ချက်ထုတ်ပြန်။
- **၂၀၂၃ မေ ၈** — လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအတွက် ထိုင်း-မြန်မာ-တရုတ် သုံးနိုင်ငံမှ နယ်စပ်တာဝန်ရှိသူများ ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် တွေ့ဆုံဆွေးနွေး။
- **၂၀၂၃ မေ ၂၄** — တရုတ်-မြန်မာ နှစ်နိုင်ငံကြား ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေး စစ်ကောင်စီ ဥပဒေရေးရာဝန်ကြီးနှင့် တရုတ်သံအမတ် မစ္စတာချန်းဟိုင်တို့ ဆွေးနွေး။
- **၂၀၂၃ မေ ၃၀** — စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး စစ်ကောင်စီဒုတိယဥက္ကဋ္ဌနှင့် တရုတ်နိုင်ငံ စစ်ဘက်ထောက်လှမ်းရေး ခေတ္တညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်ယန်ယန်းတို့ ဆွေးနွေး။
- **၂၀၂၃ မေ ၃၁** — မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ နှိမ်နင်းရေး တရုတ်နိုင်ငံသံအမတ် မစ္စတာချန်းဟိုင်နှင့် စစ်ကောင်စီ ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်တို့ ဆွေးနွေး။
- **၂၀၂၃ ဇူလိုင် ၁၇** — တရုတ်-အာဆီယံ ဥပဒေရေးရာသုတေသနစင်တာနှင့် စစ်ကောင်စီ ဥပဒေရေးရာဝန်ကြီးဌာနတို့အကြား ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး။
- **၂၀၂၃ ဩဂုတ် ၁၅-၁၆** — နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများ တိုက်ဖျက်ရေး တရုတ်-ထိုင်း-မြန်မာ-လာအို လေးနိုင်ငံ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် တွေ့ဆုံဆွေးနွေး။
- **၂၀၂၃ ဩဂုတ် ၂၂** — နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများ ပူးပေါင်းတိုက်ဖျက်ရေး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်၊ ထိုင်းနိုင်ငံသံအမတ်နှင့် လာအိုနိုင်ငံသံအမတ်တို့ တွေ့ဆုံဆွေးနွေး။

ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်လာမယ့် အခြေအနေမှာ နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတွေ နှိမ်နင်းရေးဟာ လတ်တလောမှာ ပိုပြီးရှေ့ရောက်လာနိုင်ပါတယ်။ တဆက်တည်းမှာပဲ လုံခြုံရေးနဲ့အတူ ဥပဒေပြုရေးကဏ္ဍမှာလည်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိလာပါတယ်။ တရုတ်နိုင်ငံ ချုံချင့်မြို့က တရုတ်-အာဆီယံ ဥပဒေရေးရာ သုတေသနစင်တာ (China-ASEAN Legal Research Center) နဲ့ စစ်ကောင်စီ ဥပဒေရေးရာဝန်ကြီးဌာနတို့အကြား နားလည်မှုစာချွန်လွှာ (MoU) တခုကို ယခုနှစ် ဇူလိုင်လထဲမှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီသဘောတူညီချက်အရ ဥပဒေရေးရာနဲ့ ဥပဒေပြုရေး သုတေသနစီမံကိန်းတွေမှာ ပူးပေါင်းဆောင်ရွက်တာတွေ ရှိလာမှာပါ။ ဒါကြောင့် **တရုတ်နိုင်ငံရဲ့ ဥပဒေရေးရာစံနှုန်းတွေ မြန်မာနိုင်ငံကို ကူးလူးလာမလားဆိုတာကိုလည်း ဂရုပြုစောင့်ကြည့်စရာ ဖြစ်ပါတယ်။**

## ဒေသတွင်းနှင့် မူဝါဒပိုင်းဆိုင်ရာသက်ရောက်မှုအလားအလာ

အနောက်နိုင်ငံတွေ ဦးဆောင်တဲ့ ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုစနစ်ကို ယှဉ်ပြိုင်ဖို့ ကြိုးပမ်းနေတဲ့ တရုတ်နိုင်ငံအနေနဲ့ GSI ဟာ သူ့ရဲ့ နောက်ဆုံးပေါ် ဆွဲဆောင်သိမ်းသွင်းမှု (Rhetoric) ဖြစ်ပါတယ်။ အထူးသဖြင့် အာရှမှာ အမေရိကန်ရဲ့အခန်းကဏ္ဍကို တရားဝင်ဖယ်ရှားပြီး အာရှလုံခြုံရေးပိုင်းဆိုင်ရာအုပ်ချုပ်မှုမှာ သီးသန့်ချဉ်းကပ်လိုက်တာ ဖြစ်ပါတယ်။ မကြာခင်ကကောက်ယူခဲ့တဲ့ ISEAS ရဲ့ ၂၀၂၃ ခုနှစ် အရှေ့တောင်အာရှနိုင်ငံများ စစ်တမ်းအရ GSI အပေါ် ဒေသတွင်းတုံ့ပြန်မှုဟာ မတင်မကျဖြစ်နေပြီး သတိထားစောင့်ကြည့်နေရတဲ့ အခြေအနေကို တွေ့ရပါတယ်။ တရုတ်ရဲ့ GSI ကြောင့် အာဆီယံနိုင်ငံတွေအနေနဲ့ တရုတ်နဲ့ အမေရိကန်အကြား တင်းမာမှုတိုးလာစေပြီး ဒေသတွင်းနိုင်ငံတွေအပေါ် ဖိအားပိုများလာမှာကို စိုးရိမ်နေကြတာပါ။ GSI စာတမ်းမှာရေးထားတဲ့ ကျင့်ဝတ်တန်ဖိုးတွေနဲ့ အမျိုးသားရေးဝါဒပြင်းထန်တဲ့ တရုတ်နိုင်ငံခြားရေးမူဝါဒရဲ့ ပကတိဘာဝအကြား ကွာဟချက်ကို သတိမူကြပါတယ်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေနဲ့ တရုတ်နိုင်ငံရဲ့အကျိုးစီးပွား ထိပ်တိုက်တွေ့နေတဲ့ တောင်တရုတ်ပင်လယ် အငြင်းပွားမှုလို အခြေအနေမျိုးမှာ ထင်ရှားပါတယ်။ အာဆီယံဒေသတွင်းမှာ GSI နဲ့ ပတ်သက်ပြီး သဘောထားကွဲပြားမှုတွေရှိနေပြီး တရုတ်ဩဇာလွှမ်းတဲ့ အရှေ့တောင်အာရှ ကုန်းတွင်းနိုင်ငံအများစုက GSI ကို ထောက်ခံကြပေမယ့် တောင်တရုတ်ပင်လယ်အရေးမှာ တရုတ်နိုင်ငံနဲ့ နယ်မြေအငြင်းပွားနေတဲ့ အရှေ့တောင်အာရှ ပင်လယ်ရေကြောင်းနိုင်ငံတွေက GSI ကို သတိနဲ့ချဉ်းကပ်ကြပါတယ်။ GSI ကြောင့် ဒေသတွင်း လုံခြုံရေးဆိုင်ရာကိစ္စတွေ

## လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးနှင့် ချိတ်ဆက်ဖော်ဆောင်မှု

ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ (GSI) ၏ မူဘောင်အောက်မှ လုံခြုံရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရာတွင် ၎င်းကိုယ်တိုင်ပါဝင်နေသည့် ဒေသတွင်း နိုင်ငံစုံအဖွဲ့အစည်းတို့နှင့် နိုင်ငံစုံယန္တရားများမှတဆင့် အားပြုလုပ်ဆောင်ရန် တရုတ်နိုင်ငံက ရည်ရွယ်ထားသည်။ ယင်းတို့အနက် တရုတ်နိုင်ငံဦးဆောင်သည့် **လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအစီအမံ** (LMC) လည်း ပါဝင်သည်။ GSI သဘောတရားစာတမ်း၏ ဦးစားပေးပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်များကဏ္ဍတွင် LMC မူဘောင်အောက်၌ သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စများအတွက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဖော်ပြထားသည်။ LMC အထူးရန်ပုံငွေနှင့် လုံခြုံရေးကဏ္ဍစီမံကိန်းများ အကောင်အထည်ဖော်ရန်၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန် **မဲခေါင်ဒေသတွင်း၌ GSI ၏ ရှေ့ပြေးဇုန်တခု အကောင်အထည်ဖော်ရေး**ကို အဆိုပြုထားသည်။ ၂၀၂၂ ခုနှစ် ဇူလိုင် ၄ ရက်တွင် မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် ခုနစ်ကြိမ်မြောက် လန်ချန်း-မဲခေါင် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင်လည်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက GSI ၏ ရှေ့ပြေးဇုန်တခုကို မဲခေါင်ဒေသ၌ အကောင်အထည်ဖော်ရန် တိုက်တွန်းခဲ့သည်။

မဲခေါင်ဒေသသည် အမေရိကန်-တရုတ် အားပြိုင်မှုတွင် အဓိကကျသော အင်ဒိုပစိဖိတ်ဒေသ၏ ဗဟိုချက်၌တည်ရှိနေသည်။ ထို့အပြင် တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေပြီး အမေရိကန်အပါအဝင် ဒေသတွင်း အင်အားကြီးနိုင်ငံတို့၏ ဦးဆောင်အစီအမံများရှိနေသည့် ဒေသလည်းဖြစ်သည်။ ထို့ကြောင့် အိမ်နီးချင်းမဲခေါင်ဒေသကို စိုးမိုးထားနိုင်ရေးသည် တရုတ်နိုင်ငံအတွက် လုံခြုံရေးအရ အရေးပါနေသည်။ ယင်းအချက်ကြောင့်လည်း မဲခေါင်ဒေသသည် တရုတ်နိုင်ငံ၏ GSI တွင် ဦးစားပေးဒေသတခု ဖြစ်လာသည်ဟု ဆိုနိုင်သည်။ တဖက်တွင်လည်း LMC အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မြန်မာ၊ ထိုင်း၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည်လည်း GSI ကို ထောက်ခံကြောင်း တရားဝင် ပြောကြားထားသည်။ မဲခေါင်ဒေသတွင်း၌ တရုတ်နိုင်ငံနှင့် အခြားဒေသတွင်းနိုင်ငံတို့အကြား သမားရိုးကျမဟုတ်သည့် လုံခြုံရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများသည် ယခင်ကပင်ရှိနှင့်ပြီးသားဖြစ်သည်။ မဲခေါင်မြစ်ကြောင်းလုံခြုံရေး၊ မူးယစ်ဆေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး၊ လုံခြုံရေးသတင်းအချက်အလက်ဖလှယ်ရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးတို့အတွက် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ရှိနေပြီဖြစ်သည်။ အထူးသဖြင့် တရုတ်နိုင်ငံအပါအဝင် ဒေသတွင်းလုံခြုံရေးအပေါ် ပိုမိုခြိမ်းခြောက်လာနေသည့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများအား နှိမ်နှင်းရေး ပူးပေါင်းမှုများ ပိုမိုရှေ့ရောက်လာနိုင်သည်။ တဖက်တွင်လည်း GSI အရ ဖွံ့ဖြိုးဆဲနိုင်ငံများမှ တရားဥပဒေစိုးမိုးရေးအရာရှိများကို လာမည့်ငါးနှစ်အတွင်း **သင်တန်းပေါင်း ၅,၀၀၀ ခန့်**အထိ ပေးအပ်သွားရန် တရုတ်နိုင်ငံက စီစဉ်ထားသည်။ ထို့ကြောင့် မဲခေါင်ဒေသတွင်းနိုင်ငံများအနေနှင့် တရုတ်နိုင်ငံ၏ လုံခြုံရေးစီမံဆောင်ရွက်ပုံကို ပို့ချမည့် အဆိုပါသင်တန်းများ၌ ပါဝင်ရမည့်အခြေအနေလည်း ရှိနေသည်။

- ဖြစ်တဲ့ တောင်တရုတ်ပင်လယ်အရေးနဲ့ မြန်မာ့အရေးချဉ်းကပ်မှုတွေမှာ **အာဆီယံကို အပိုင်းပိုင်း ဖြစ်မသွားအောင်** သတိပြုရမှာပါ။

အာဆီယံနိုင်ငံတွေဟာ တရုတ်နိုင်ငံရဲ့ ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအစီအမံ (GDI) ကို ထောက်ခံကြပြီး တရုတ်နိုင်ငံကို စီးပွားရေးမိတ်ဖက်အနေနဲ့ ကြိုဆိုကြပေမဲ့ လုံခြုံရေးပံ့ပိုးပေးသူအဖြစ် လက်ခံနိုင်ဖို့က ခဲယဉ်းနေပါသေးတယ်။ သို့ပေမဲ့ GSI ဟာ သမားရိုးကျမဟုတ်တဲ့၊ စစ်ဘက်ဆိုင်ရာမဟုတ်တဲ့ နယ်ပယ်တွေမှာ ဆွဲဆောင်မှု ရှိနေပါသေးတယ်။ ဥပမာအနေနဲ့ မြန်မာအပါအဝင် ကုန်းတွင်းပိုင်း အာဆီယံနိုင်ငံတချို့မှာ တရုတ်နိုင်ငံရဲ့ ပင်လယ်ရပ်ခြားအကျိုးစီးပွားတွေကို ကာကွယ်ဖို့နဲ့ နိုင်ငံရေး ဒါမှမဟုတ် အများပြည်သူလုံခြုံရေးအတွက် လိုအပ်တဲ့ ဥပဒေစိုးမိုးရေးပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းနည်းနဲ့ GSI ကို အကောင်အထည်ဖော်လာနိုင်စရာ ရှိပါတယ်။ ဒါ့အပြင် မြန်မာအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ဥပဒေစိုးမိုးရေးသင်တန်းတွေ ပေးလာမှာဖြစ်တဲ့အတွက် တရုတ်နိုင်ငံရဲ့ လုံခြုံရေးဆိုင်ရာစံနှုန်းတွေနဲ့ လုပ်ကိုင်ပုံတွေကို အဲဒီနိုင်ငံတွေက လက်ခံကျင့်သုံးလာနိုင်ပါတယ်။ တဖက်မှာလည်း GSI ရဲ့ဆက်စပ်နေတဲ့ လုံခြုံရေးသဘောတရား (Indivisible Security Concept) အရ GSI ကိုလက်ခံတဲ့ တရုတ်နိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေအဖို့ အနောက်နိုင်ငံတွေရဲ့ လုံခြုံရေးအစီအမံတွေမှာ ပါဝင်မယ်ဆိုရင် တရုတ်နိုင်ငံရဲ့လုံခြုံရေးကို ထိခိုက်စေတယ်ဆိုပြီး ကန့်ကွက်လာနိုင်ပါတယ်။

GSI ရဲ့ အခြေခံမူတခုဖြစ်တဲ့ 'အချုပ်အခြာအာဏာ တန်းတူညီမျှရေး' (Sovereign Equality) ဟာ နိုင်ငံတော်ကိုပဲဗဟိုပြုတဲ့အတွက် လုံခြုံရေးကိုစဉ်းစားရာမှာ လူတဦးတယောက်ချင်းနဲ့ လူ့အဖွဲ့အစည်းကို လျစ်လျူမရှုမိဖို့ သတိချပ်ရမှာပါ။ 'ပြည်တွင်းရေးကိစ္စ ပြည်ပဝင်မစွက်ဖက်ရ'ဆိုတဲ့ ဘောင်ခတ်မှုကြောင့် အာဏာရှင်အစိုးရတွေရဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို အကာအကွယ်ပြုတဲ့ လက်ကိုင်တုတ်ဖြစ်မလာဖို့လည်း လိုအပ်ပါတယ်။ တရုတ်နိုင်ငံ ရှင်းကျန်းဒေသ ဝီဂါမူစလင်အရေး၊ မြန်မာနိုင်ငံ ရိုဟင်ဂျာအရေးနဲ့ လက်နက်ကိုင်ပဋိပက္ခတွေမှာ တရုတ်အစိုးရရဲ့သဘောထားဟာ ဒီအချက်နဲ့ ပတ်သက်ပြီး စိုးရိမ်စရာဖြစ်စေပါတယ်။ ဒီမိုကရေစီစနစ် အခြေမခိုင်တဲ့နိုင်ငံတွေမှာ GSI ကို အကာအကွယ်ယူပြီး နိုင်ငံတကာစနစ်ရဲ့ အရေးယူဒဏ်ခတ်မှုလွတ်ကင်းတဲ့ အခြေအနေ ရောက်မသွားဖို့ သတိပြုသင့်ပါတယ်။ ဒါကြောင့် GSI ဟာ အာဏာစွဲကိုင်ထားတဲ့ အစိုးရတွေရဲ့အကျိုးစီးပွားအတွက်သာမက လူသားတရပ်လုံးရဲ့လုံခြုံရေးကိုပါ ရှေးရှုနိုင်ဖို့ အရေးကြီးပါတယ်။

---

မှတ်ချက် ။ ကိုးကားစာရင်းအပါအဝင် ISP Explainer အမှတ်-၆ အပြည့်အစုံကို ဝက်ဘ်ဆိုက်တွင် ဖတ်ရှုနိုင်ပါသည်။

www.ISPMyanmar.com/community

# Gabyin Community

## ISP ကပြင်ရပ်ဝန်း

Promoting Shared Reality, Appreciating Diversity, and Imagining Possibilities

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai 50202